ပြည်သူ့လွှတ်တော်ရုံး
သုတေသနဌာန

ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၂ ရက်

# မြန်မာနိုင်ငံလူကုန်ကူးမှုအခြေအနေနှင့် အစိုးရ၏ဆောင်ရွက်ချက်များအား လေ့လာခြင်း

## အကျဉ်းချုပ်

ကမ္ဘာတစ်ဝန်းတွင် လူကုန်ကူးမှုပြဿနာသည် အကြမ်းဖက်မှုနှင့် မူးယစ်ဆေးဝါးမှုများကဲ့သို့ ထိပ်တန်းသို့ရောက်ရှိနေပြီး မြန်မာနိုင်ငံတွင်လည်း အဓိကပြဿနာတစ်ခုအဖြစ် ရှိနေဆဲဖြစ်ပါသည်။ အမေရိကန်နိုင်ငံခြားရေးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ လူကုန်ကူးမှုဆိုင်ရာအစီရင်ခံစာတွင် မြန်မာနိုင်ငံအား အနိမ့်ဆုံးစံသတ်မှတ်ချက်များ ပြည့်မီရန်ဆောင်ရွက်မှုမရှိသည့် အဆင့် (၃)၊ (Tier3) အဖြစ် ဆက်လက်ထားရှိခဲ့သော်လည်း မြန်မာနိုင်ငံအစိုးရအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည့်အပြင် အမေရိကန်နိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ Covid-19 ကာလတွင်လည်း ဝင်ငွေရှာဖွေရန် တရားမဝင်သောနည်းလမ်းများကို လုပ်ဆောင်လာသောကြောင့် လူကုန်ကူးမှုများဖြစ်ပေါ်စေပါသည်။

ဤစာတမ်းတိုတွင် လူကုန်ကူးမှုဖြစ်ရခြင်းအကြောင်းအရင်းများနှင့်သမိုင်း၊ လူကုန်ကူးမှုပုံစံများနှင့် ဖြစ်ပွားမှုအခြေအနေ၊ Covid-19 ကာလလူကုန်ကူးမှုအခြေအနေ၊ နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များ၊ လွှတ်တော်တွင်းဆောင်ရွက်ချက်များ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေမှပြစ်မှုနှင့်ပြစ်ဒဏ်များ၊ ဒေသတွင်းနိုင်ငံဖြစ်သည့်ထိုင်းနိုင်ငံသို့ လူကုန်ကူးခံရသည့်ပုံစံများကို လေ့လာနိုင်ရန် ရေးသားတင်ပြထားပါသည်။

**သုတေသနစာတမ်းတိုအမှတ်စဉ် ( ၁၄၃ )**

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

## မာတိကာ


စဉ် အကြောင်းအရာ စာမျက်နှာ

၁။ နိဒါန်း ..................................................၃

၂။ ရည်ရွယ်ချက် ..................................................၃

၃။ နည်းနာနိဿယများ ..................................................၄

၄။ လူကုန်ကူးမှုဖြစ်ပွားမှု နောက်ခံသမိုင်း ..................................................၄

၅။ လူကုန်ကူးမှုဖြစ်ရခြင်း၏အကြောင်းရင်းများ ..................................................၄

၆။ လူကုန်ကူးမှုဖြစ်ပွားမှုပုံစံများ .................................................. ၅

၇။ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သော လူကုန်ကူးမှု အမှုအရေအတွက် .................................................. ၇

၈။ Covid 19 ကာလ လူကုန်ကူးမှုအခြေအနေ .................................................. ၈

၉။ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် လူကုန်ကူးမှုဖြစ်ပွားမှုအရေအတွက် .................................................. ၉

၁၀။လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ..................................................၁၀

၁၁။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေမှ ပြစ်မှုနှင့် ပြစ်ဒဏ်များ .................................................. ၁၁

၁၂။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်ဆက်နွှယ်သောဥပဒေများ..................................................၁၂

၁၃။ နိုင်ငံတော်အစိုးရ၏ဆောင်ရွက်ချက်များ..................................................၁၂

၁၄။ လွှတ်တော်တွင်းဆောင်ရွက်ချက်များ ..................................................၁၅

၁၅။ ထင်မြင်ချက်များ ..................................................၁၅

၁၆။ ကမ္ဘာ့နိုင်ငံများ၏လူကုန်ကူးမှုအခြေအနေ ..................................................၁၆

၁၇။ ထိုင်းနိုင်ငံတွင် လူကုန်ကူးမှုအခြေအနေ ..................................................၁၆

၁၈။ မြန်မာနိုင်ငံမှထိုင်းနိုင်ငံသို့ လူကုန်ကူးခံရမှုအခြေအနေ ..................................................၁၈

၁၉။ စိန်ခေါ်မှုများ ..................................................၁၉

၂၀။နိဂုံး..................................................၂၀

## နိဒါန်း

၁။ လူကုန်ကူးမှုဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားသူတစ်ဦးတစ်ယောက်ကို ခြိမ်းခြောက်၍သော်လည်းကောင်း၊ အင်အားသုံး၍သော်လည်းကောင်း၊ သွေးဆောင်ခေါ်ယူ၍ လိမ်လည်လှည့်ဖြားကာသိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် လက်ခံခြင်းကို ဆိုလိုပါသည်။[1] ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၈ အရ လူကုန်ကူးမှုနှင့် စပ်လျဉ်း၍ "နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့် လူကုန်ကူးမှုများကို တားမြစ်သည်" ဟုပြဋ္ဌာန်းထားပါသည်။[2] ကမ္ဘာ့လူကုန်ကူးမှုပြဿနာသည် အကြမ်းဖက်မှုနှင့်မူးယစ်ဆေးဝါးမှုများကဲ့သို့ အများဆုံးဖြစ်ပွားနေသည့် ပြဿနာတစ်ရပ်ဖြစ်နေပြီး နည်းပညာကိုအသုံးပြု၍ လျင်မြန်စွာဆက်သွယ် ကျူးလွန်နိုင်ခြင်းကြောင့် ကြီးထွားလာလျက်ရှိပါသည်။ နိုင်ငံရေးမတည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုမညီမျှခြင်းနှင့် ဆင်းရဲချမ်းသာကွာဟမှုတို့သည် လူကုန်ကူးမှုဖြစ်ပေါ်စေသည့် အကြောင်းတရားများဖြစ်ပြီး တစ်ခုနှင့်တစ်ခု ဆက်နွှယ်လျှက်ရှိပါသည်။ လူကုန်ကူးမှုပြဿနာသည် သာမန်မှုခင်းများနှင့်မတူ နိုင်ငံရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ ဆင်းရဲနွမ်းပါးမှု၊ သဘာဝဘေးအန္တရာယ်တို့နှင့် ချိတ်ဆက်နေ၍ ရှုပ်ထွေးသည့် ပြဿနာတစ်ရပ်ဖြစ်သည့်အားလျော်စွာ ကမ္ဘာ့နိုင်ငံများတွင် ကြိုးပမ်းအားထုတ်တားဆီးကာကွယ်လျက်ရှိကြသော်လည်း ဆက်လက်၍ ပျံ့နှံ့ကြီးထွားနေဆဲဖြစ်ပါသည်။[3]

## ရည်ရွယ်ချက်

၂။ ဤစာတမ်းတို၏ရည်ရွယ်ချက်မှာအောက်ပါအတိုင်းဖြစ်ပါသည်–

(က) မြန်မာနိုင်ငံတွင် လူကုန်ကူးမှုအခြေအနေနှင့် Covid–19 ကာလအတွင်း လူကုန်ကူးမှုဖြစ်ပွားသည့် အခြေအနေများသိရှိရန်၊

(ခ) အစိုးရ၏ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆောင်ရွက်ချက်များအားသိရှိရန်၊

(ဂ) လူကုန်ကူးမှုတားဆီးကာကွယ်ရာတွင် ကြုံတွေ့နေရသည့်အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် လိုအပ်ချက်များကို သိရှိနိုင်စေရန်၊

---

[1]လူမှောင်ခိုခြင်းနှင့်လူကုန်ကူးခြင်း availale from: https:// www.moi.gov.mm/npe/?q=article/21/05/2015/id–23116,ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မှကောက်နုတ်ထားပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ၊ ၃ရက်)

[2]၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း (၈)၊ ပုဒ်မ ၃၅၈၊ စာမျက်နှာ– မှကောက်နုတ်ထားပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ၊ ၃ရက် )

[3]လူကုန်ကူးမှုနှင့်အန္တရာယ်ရှိသောရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အသိပညာပေးလက်စွဲစာအုပ်၊ The Asia Foundation၊ https://asiafoundation.org/wp-content/uploads/2018/07/Myanmar_Human–Trafficking_Handbook.pdf__ နိုဝင်ဘာလ ၂၀၁၇ ခုနှစ်၊ စာမျက်နှာ–၂ မှကောက်နုတ်ထားပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ၊ ၃ရက် )

(ဃ) လူကုန်ကူးမှုကို ကျား/မ မရွေး၊ အသက်အရွယ်မရွေး၊ နေရာဒေသမရွေးလူတိုင်း ကြုံတွေ့နိုင်သဖြင့် ပိုမိုသိရှိရန်နှင့် ပိုမိုသတိထားကာကွယ်ရန် ရည်ရွယ်ပါသည်။

**နည်းနာနိဿယများ**

၃။ ဤစာတမ်းတိုတွင် အသုံးပြုထားသော သတင်းအချက်အလက်များကို ပြည်သူ့လွှတ်တော် စာကြည့်တိုက်မှ လူကုန်ကူးမှုနှင့်စပ်လျဉ်းသည့်စာအုပ်စာတမ်းများ၊ အစိုးရနှင့်နိုင်ငံတကာ website များမှထုတ်ပြန်ထားသော သတင်းအချက်အလက်များ၊ လွှတ်တော်တွင်းဆောင်ရွက်ချက်များ၊ ဂျာနယ်များနှင့် အသိပညာပေးလက်စွဲစာအုပ်များမှ ရယူထားပါသည်။

**လူကုန်ကူးမှုဖြစ်ပွားမှု နောက်ခံသမိုင်း**

၄။ လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက ကမ္ဘာပေါ်တွင် အလွန်ရက်စက်ကြမ်းကြုတ်သည့် ကျေးကျွန်စနစ်ကြီး ပေါ်ပေါက်ခဲ့ဖူးပြီး ယင်းစနစ်မှ ကျွန်ပိုင်ရှင်များသည် ကျွန်များအား တိရစ္ဆာန်များသဖွယ်ခိုင်းစေကြပြီး အသက်ကိုပင် ပိုင်ဆိုင်ခဲ့ကြပါသည်။ ထို့ကြောင့် လူအများက အဆိုပါ ကျွန်စနစ်ကြီးကို ဝိုင်းဝန်းတော်လှန်ခဲ့ကြသဖြင့် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ ခန့်တွင် ကျေးကျွန်စနစ်ကြီး ကမ္ဘာပေါ်မှပျောက်ကွယ်ခဲ့ပါသည်။ သို့သော် ၁၉၉၀ ပြည့်နှစ်ခန့်မှစ၍ ခေတ်သစ်ကျွန်စနစ်အား လူကုန်ကူးမှုပုံစံအသစ်ဖြင့် ကမ္ဘာပေါ်၌ပြန်လည်တွေ့ရှိလာကြရပါသည်။ လူ့အခွင့်အရေးကိုအဆိုးရွားဆုံး ဖောက်ဖျက်ကျူးလွန်နေသည့် လူကုန်ကူးမှုသည် ယနေ့ကမ္ဘာအနှံ့အပြားတွင် ကျယ်ပြန့်စွာ ဖြစ်ပွားလျက်ရှိနေပြီး အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါးမှုများကဲ့သို့ပင် လူသားတို့ကို ခြိမ်းခြောက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ဆင်းရဲနွမ်းပါးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်း၊ မိသားစုအတွင်း အကြမ်းဖက်မှုကျူးလွန်ခြင်း၊ ပဋိပက္ခများနှင့်စစ်ပွဲများဖြစ်ပွားမှုအခြေအနေရှိခြင်း၊ သဘာဝကပ်ဘေးများကျရောက်ခြင်း၊ လိင်ပိုင်းဆိုင်ရာခွဲခြားဆက်ဆံခြင်း စသည့်အကြောင်းတရားများသည် လူကုန်ကူးမှုကိုဖြစ်ပွားစေသည့် အဓိကအချက်များပင်ဖြစ်ပါသည်။[4]

**လူကုန်ကူးမှုဖြစ်ရခြင်း၏အကြောင်းရင်းများ**

၅။ လူကုန်ကူးမှုဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းများမှာ–

(က) ကျေးလက်ဒေသများတွင် စီးပွားရေးအခွင့်အလမ်းများမရှိခြင်း သို့မဟုတ် နည်းပါးခြင်း၊

(ခ) နေ့စဉ်စားဝတ်နေရေးဘဝရပ်တည်ရန် ခက်ခဲသည့်အခြေအနေဖြစ်လာခြင်း၊

---

[4] စိုးမြင့်၊ လူကုန်ကူးမှုအန္တရာယ်ကင်းသော ရွှေ့ပြောင်းသွားလာရေး၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ available from: https://www.moi.gov.mm/npe/?q=article/3/09/2013/id-5740 မှကောက်နုတ်**ထားပါသည်။** (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ မတ်လ၊ ၄ရက်)

(ဂ) ဖွံ့ဖြိုးတိုးတက်မှု မညီမျှခြင်း၊ ဆင်းရဲချမ်းသာကွာဟခြင်း၊

(ဃ) ဖွံ့ဖြိုးမှုအနည်းဆုံးဒေသများရှိ ကလေးများသည် မိသားစု၏စီးပွားရေးအကျပ်အတည်းကြောင့် မိတ်ဆွေအပေါင်းအသင်းများထံ အပ်နှံခံရခြင်း၊

(င) ဖွံ့ဖြိုးတိုးတက်လျက်ရှိသောနိုင်ငံများသို့ တရားမဝင်ရွှေ့ပြောင်းသွားလာကာ အလုပ်လုပ်ကိုင်ခြင်း၊

(စ) အချို့ဒေသများတွင် ကျား/မ ခွဲခြားမှုအပေါ်မူတည်ပြီး အလုပ်အကိုင်နှင့် ပညာရေးကဏ္ဍများတွင်အမျိုးသားများအတွက်သာ အခွင့်အလမ်းများရှိနေခြင်းကြောင့် လူကုန်ကူးသူများအတွက် အမျိုးသမီးများအပေါ်အာရုံစိုက် ပစ်မှတ်ထားခြင်း၊

(ဆ) အရေးပေါ်ကျန်းမာရေးချေးငွေများ မရရှိခြင်း၊

(ဇ) မိမိဘဝကို လက်ရှိအခြေအနေထက် ပို၍မြင့်မားလိုခြင်း၊

(ဈ) တရားဝင်သွားလာရေးနည်းလမ်းများကို လက်လှမ်းမမီခြင်း၊ လက်လှမ်းမီသော်လည်း လိမ်လည်ခံရခြင်း စသည်တို့ဖြစ်ပါသည်။

၆။ ထို့ကြောင့် လူကုန်ကူးမှုများကို လေ့လာကြည့်ပါက အမျိုးသမီးများနှင့် ကလေးများအပေါ် ပိုမိုကျူးလွန်လာသည်ကိုတွေ့ရပါသည်။ ယခင်က လူကုန်ကူးမှုပုံစံမှာ အမျိုးသမီးများကို နယ်စပ်အထိ စည်းရုံးခေါ်ဆောင်ကာရောင်းစားကြပါသည်။ ယခုအခါ နိုင်ငံအတွင်းဝင်ရောက်ကာ အမျိုးသမီးများကို တိုက်ရိုက်စည်းရုံးခေါ်ဆောင်ခြင်းအထိ လုပ်ဆောင်လာပြီး ကာယကံရှင်က သဘောတူလိုက်ပါသည်အထိ လူကုန်ကူးမှုလမ်းကြောင်းများ ပြောင်းလဲလာပါသည်။ ဤကဲ့သို့ ပြုမူဆောင်ရွက်ခြင်းသည် အလုပ်အကိုင်ရှားပါးမှု၊ စီးပွားရေးကျဆင်းမှု၊ စားဝတ်နေရေးကြပ်တည်းမှု၊ ဆင်းရဲမွဲတေမှုများနှင့် တိုက်ရိုက်ဆက်နွယ်နေသောကြောင့် လူကုန်ကူးမှုများသည် နှစ်စဉ်လျော့ကျမသွားဘဲ ဆက်လက်တိုးပွားလျက်ရှိပါသည်။[5]

## လူကုန်ကူးမှုဖြစ်ပွားမှုပုံစံများ

၇။ မြန်မာနိုင်ငံအပါအဝင် မဲခေါင်ဒေသနိုင်ငံများတွင် တရားဝင်သတ်မှတ်ဖော်ပြထားသော လူကုန်ကူးမှုပုံစံများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

[5] လူကုန်ကူးမှုနှင့်အန္တရာယ် ခေတ်သစ်လူကုန်ကူးမှုအခြေအနေ၊ Info Digest Journal ၊ ၂၀၁၇ခုနှစ်၊ မတ်လ ၁ရက်၊ စာမျက်နှာ–၄ မှကောက်နုတ်ထားပါသည်။ (ကြည့်ရှုသည့်ရက်၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၊ ၁၄ရက်)

| စဉ် | မဲခေါင်ဒေသနိုင်ငံများ | မြန်မာနိုင်ငံ |
| --- | --- | --- |
| ၁။ | အဓမ္မထိမ်းမြားလက်ထပ်ခြင်း (Forced Marriage) | အဓမ္မထိမ်းမြားလက်ထပ်ခြင်း (Forced Marriage) |
| ၂။ | အဓမ္မပြည့်တန်ဆာပြုခြင်း (Prostitution) | အဓမ္မပြည့်တန်ဆာပြုခြင်း (Prostitution) |
| ၃။ | အဓမ္မခိုင်းစေခြင်း (Servitude) | အဓမ္မခိုင်းစေခြင်း (Servitude) |
| ၄။ | ကလေးသူငယ်လူကုန်ကူးခြင်း (Child Trafficking) | ကလေးသူငယ်လူကုန်ကူးခြင်း (Child Trafficking) |
| ၅။ | ကြွေးမြီဖြင့်နှောင်ဖွဲ့ခိုင်းစေခြင်း (Debt Bondage) | ကြွေးမြီဖြင့်နှောင်ဖွဲ့ခိုင်းစေခြင်း (Debt Bondage)[6] |
| ၆။ | လိင်မှုဆိုင်ရာခေါင်းပုံဖြတ်ခြင်း(Sexual Exploitation) | |
| ၇။ | လုပ်အားခေါင်းပုံဖြတ်ခြင်း (Labour Exploitation) | |
| ၈။ | ခန္ဓာကိုယ်အစိတ်အပိုင်းရောင်း/ဝယ်ခြင်း(OrganRemoval) | |
| ၉။ | အဓမ္မဝန်ဆောင်စေခြင်း (Forced Service) | |
| ၁၀။ | အဓမ္မမွေးစားခြင်း (Forced Adoption) | |
| ၁၁။ | ကလေးသူငယ်စစ်မှုထမ်းစေခြင်း (Child Soldier) | |
| ၁၂။ | ငါးဖမ်းလုပ်ငန်းတွင်အဓမ္မခိုင်းစေခြင်း(Forced Service in Fishing Boat) | |
| ၁၃။ | အဓမ္မတောင်းရမ်းစေခိုင်းခြင်း၊အထူးသဖြင့်ကလေးများကိုပန်းရောင်း/ ပစ္စည်းရောင်း/ တောင်းရမ်းခိုင်းခြင်း (Force Begging)[7] | |

၈။ လူကုန်ကူးမှုများတွင် ယေဘုယျအားဖြင့် အောက်ပါအဆင့်(၃)ဆင့်ကို တွေ့ရှိရပါသည်-

(က) သွေးဆောင်ခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ ခြိမ်းခြောက်/အနိုင်အထက်ပြုခြင်းတို့ဖြင့် သိမ်းသွင်းစုဆောင်းခြင်း၊

(ခ) စုဆောင်းထားသူများကို တစ်နေရာမှတစ်နေရာသို့ ပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းဝယ်ခြင်း၊ လက်ခံခြင်းနှင့်

(ဂ) ထိုသူများကို လိင်ပိုင်းဆိုင်ရာ၊ လုပ်အားပိုင်းဆိုင်ရာတို့တွင် ခေါင်းပုံဖြတ်ခြင်း၊ ခန္ဓာကိုယ်၏ အင်္ဂါအစိတ်အပိုင်းများအား ထုတ်ယူဖယ်ရှားရောင်းချခြင်းအားဖြင့် ခေါင်းပုံဖြတ်ခြင်းတို့ ဖြစ်ပါသည်။[8]


---

[6]၁နှစ်အတွင်း လူကုန်ကူးတရားခံ ၅၀၀ ခန့် ဖမ်းဆီးမိဟုဒုသမ္မတပြော၊ available From: https://news.ydnp.net/293059/, ထုတ်ဝေသည့်ရက် ၂၀၁၉ခုနှစ်၊ စက်တင်ဘာလ ၁၄ရက် မှကောက်နုတ်ထားပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ မတ်လ၊ ၄ရက်)

[7]လူကုန်ကူးမှုနှင့်အန္တရာယ် ခေတ်သစ်လူကုန်ကူးမှုအခြေအနေ၊ Info Digest Journal ၊ ၂၀၁၇ခုနှစ်၊ မတ်လ ၁ရက်၊ စာမျက်နှာ-၂၁ မှကောက်နုတ်ထားပါသည်။ (ကြည့်ရှုသည့်ရက်၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၊ ၁၄ရက်)


**ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သော လူကုန်ကူးမှု အမှုအရေအတွက်**

၉။ မြန်မာနိုင်ငံတွင် ၂၀၁၁ခုနှစ်မှ ၂၀၂၀ပြည့်နှစ်ဇူလိုင်လအထိ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည့် လူကုန်ကူးမှု အရေအတွက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-




Source: မြန်မာနိုင်ငံလူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

၁၀။ အထက်ဖော်ပြပါ Graph အရ ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း လူကုန်ကူးမှုအရေးယူဆောင်ရွက်နိုင်မှု နည်းပါးသည်ကိုတွေ့ရှိရပြီး ၂၀၁၉ ခုနှစ်တွင် အများဆုံးအရေးယူဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။




Source: မြန်မာနိုင်ငံလူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့

၁၁။ အထက်ဖော်ပြပါ Graph အရ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလတွင် ၁၅ မှ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ကျန်လများတွင်လျော့နည်းသွားကာ ဇွန်လနှင့် ဇူလိုင်လတွင် ထပ်မံ၍မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

[8]လူကုန်ကူးမှုနှင့်အန္တရာယ် ခေတ်သစ်လူကုန်ကူးမှုအခြေအနေ၊ Info Digest Journal ၊ ၂၀၁၇ခုနှစ်၊ မတ်လ ၁ရက်၊ စာမျက်နှာ-၂၁ မှကောက်နုတ်ထားပါသည်။ (ကြည့်ရှုသည့်ရက်၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၊ ၁၄ရက်)

**Covid 19 ကာလ လူကုန်ကူးမှုအခြေအနေ**

၁၂။ Covid-19 ရောဂါဖြစ်ပွားနေသည့်ကာလတွင် မြန်မာနိုင်ငံ၌ နယ်စပ်ဂိတ်များအား ပိတ်ပင်ထားလျက်ရှိသော်လည်း လူကုန်ကူးမှုများဆက်လက်ဖြစ်ပွားလျက်ရှိရာ မတ်လမှ ဇူလိုင်လအထိ လူကုန်ကူးမှု ၅၀ မှု ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါသည်။ Covd-19 ကာလအတွင်း ဖြစ်ပွားခဲ့သည့် လူကုန်ကူးမှုအမျိုးအစား၊ အရေအတွက်နှင့် ဦးတည်နိုင်ငံများ (Destination Countries) မှာ အောက်ပါအတိုင်းဖြစ်သည်ကို တွေ့ရှိရပါသည်-

| စဉ် | အမျိုးအစား | အရေအတွက် | | | | |
|---|---|---|---|---|---|---|
| | | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် |
| (က) | ပြည်တွင်းအဓမ္မ လက်ထပ်စေမှု | ၁ | - | ၄ | - | - |
| (ခ) | ပြည်တွင်းအဓမ္မခိုင်းစေမှု | - | ၁ | - | - | - |
| (ဂ) | ပြည်တွင်းအဓမ္မ ပြည့်တန်ဆာပြုမှု | ၃ | - | ၂ | ၁ | - |
| (ဃ) | တရုတ်နိုင်ငံတွင်အဓမ္မလက်ထပ်စေမှု | ၅ | ၄ | - | ၁၄ | ၁၂ |
| (င) | မလေးရှားနိုင်ငံတွင် အဓမ္မခိုင်းစေမှု | - | ၁ | - | - | ၁ |
| (စ) | ထိုင်းနိုင်ငံတွင် အဓမ္မပြည့်တန်ဆာပြုမှု | - | - | - | - | ၁ |
| | **စုစုပေါင်း** | **၉** | **၆** | **၆** | **၁၅** | **၁၄** |

Source: မြန်မာနိုင်ငံလူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

၁၃။ COVID-19 ကြောင့် ၂၀၂၀ ပြည့်နှစ် နှစ်ဦးပိုင်းမှစ၍ ကမ္ဘာတစ်ဝန်းလုံး၌ စီးပွားရေးလုပ်ငန်းများဆိုးရွားစွာထိခိုက်ခဲ့ပါသည်။ တစ်ကမ္ဘာလုံးရှိ စီးပွားရေးလုပ်ငန်း အများစုသည် ယာယီရပ်ဆိုင်းထားမှုကြောင့် အလုပ်လက်မဲ့များတိုးလာခြင်း၊ လုပ်ငန်းများငွေကြေးပြတ်လပ်မှုကြောင့် ဒေဝါလီခံခြင်း၊ ပုံမှန်ဝင်ငွေမရသူများ၏လက်ဝယ် ငွေကြေးချို့တဲ့လာမှုကြောင့် ဘဂရှင်သန်ရေးပို၍ခက်ခဲလာခြင်းများ ကြုံတွေ့နေရလျက်ရှိပါသည်။[9] Covid-19 ကူးစက်ရောဂါသည် မိသားစုများအပေါ် ဆိုးကျိုးသက်ရောက်စေပြီး မိဘမဲ့များ၊ ငယ်ငယ်ရွယ်ရွယ်နှင့် ဝင်ငွေရှာဖွေရသူများကို Covid-19 အကျပ်အတည်းကာလအတွင်းသာမက ထိုကာလအလွန်တွင် လူကုန်ကူးခံရနိုင်သည့် အခြေအနေသည် ပိုမို၍တိုးပွားလာနိုင်ပါသည်။ အကြောင်းမှာ Covid -19 ကြောင့် လူအများသည် စီးပွားရေးအခွင့်အလမ်းများဆုံးရှုံးရသည့်အတွက် စီးပွားရေးဒုက္ခများမှ လွတ်မြောက်ရန် တရားမဝင်သော

[9] Dr.မောင်အောင်၊ ကမ္ဘာ့စီးပွားရေးကပ်မှ မြန်မာ့ထွက်ရပ်လမ်း၊ available from: https://www.moi.gov. mm/?q= node/3 5941 , Ministry of Information, Fri, 04/24/2020 မှကောက်နုတ်ထားပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ မေလ၊ ၂၆ရက်)

နည်းလမ်းများကို ယခင်ကထက်ပို၍ လုပ်ဆောင်လာနိုင်သောကြောင့် ဖြစ်ပါသည်။ Covid-19 ရောဂါကြောင့် အလုပ်လက်မဲ့ဖြစ်သွားသူများအနေဖြင့် လူပွဲစားများမှငွေကြေး မက်လုံးပေးသူများကို သတိပြုရန်နှင့် အလုပ်ပေးမည်ဟု စည်းရုံးလာသူများကို မသင်္ကာပါကသတင်းပေးရန်လိုအပ်ပါသည်။

**တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် လူကုန်ကူးမှုဖြစ်ပွားမှုအရေအတွက်**

၁၄။ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လအထိ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် လူကုန်ကူးမှုဖြစ်ပွားမှုအရေအတွက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| **စဉ်** | **တိုင်းဒေသကြီး/ ပြည်နယ်** | **၂၀၁၆ ခုနှစ်** | **၂၀၁၇ ခုနှစ်** | **၂၀၁၈ ခုနှစ်** | **၂၀၁၉ ခုနှစ်** | **၂၀၂၀ ပြည့်နှစ်** | **စုစုပေါင်း** |
|---|---|---|---|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | ၂၅ | ၅၈ | ၅၅ | ၆၅ | ၂၂ | **၂၂၅** |
| ၂။ | မန္တလေးတိုင်းဒေသကြီး | ၉ | ၁၄ | ၂၇ | ၂၈ | ၈ | **၈၆** |
| ၃။ | စစ်ကိုင်းတိုင်းဒေသကြီး | ၂ | ၂ | ၃ | ၃ | ၁ | **၁၁** |
| ၄။ | မကွေးတိုင်းဒေသကြီး | ၃ | ၅ | ၂ | ၁ | ၂ | **၁၃** |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ၁ | ၁၁ | ၁၀ | ၁၂ | ၃ | **၃၇** |
| ၆။ | ဧရာဝတီတိုင်းဒေသကြီး | ၁၁ | ၁၈ | ၁၅ | ၂၈ | ၆ | **၇၈** |
| ၇။ | တနင်္သာရီတိုင်းဒေသကြီး | ၁ | ၃ | ၁ | ၂ | ၂ | **၉** |
| ၈။ | နေပြည်တော် | - | ၁၂ | ၅ | ၂ | ၁ | **၂၀** |
| ၉။ | ကချင် | ၁၂ | ၃၂ | ၂၄ | ၂၅ | ၅ | **၉၈** |
| ၁၀။ | ကယား | - | - | - | - | - | - |
| ၁၁။ | ကရင် | ၅ | ၂ | ၁ | ၃ | - | **၁၁** |
| ၁၂။ | ချင်း | - | - | - | ၁ | - | **၁** |
| ၁၃။ | မွန် | ၇ | ၄ | ၃ | ၄ | - | **၁၈** |
| ၁၄။ | ရခိုင် | ၈ | ၉ | ၆ | - | - | **၂၃** |
| ၁၅။ | ရှမ်း | ၄၇ | ၅၅ | ၅၄ | ၆၅ | ၂၂ | **၂၄၃** |
| | **စုစုပေါင်း** | **၁၃၁** | **၂၂၅** | **၂၀၆** | **၂၃၉** | **၇၂** | **၈၇၃** |

၁၅။ တစ်ဖက်ဖော်ပြပါ ဇယားအရ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လအထိ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် လူကုန်ကူးမှုဖြစ်ပွားမှုကို လေ့လာရာတွင် ရှမ်းပြည်နယ်သည် လူကုန်ကူးမှုအများဆုံးဖြစ်ပွားကြောင်းတွေ့ရှိရပြီး ရန်ကုန်တိုင်းဒေသကြီးသည် ဒုတိယအများဆုံး ဖြစ်ကြောင်းတွေ့ရှိရပါသည်။ ခုနှစ်အလိုက်လေ့လာရာတွင် ၂၀၁၉ ခုနှစ်တွင် လူကုန်ကူးမှုအများဆုံး ဖြစ်ပွားကြောင်းတွေ့ရှိရပါသည်။ ရှမ်းပြည်နယ်တွင် လူကုန်ကူးမှုအများဆုံးဖြစ်ပွားရခြင်းအကြောင်း ရင်းမှာ နယ်စပ်ထွက်ပေါက်များခြင်း၊ တရုတ်နိုင်ငံသို့ သွားရောက်ရန်လွယ်ကူခြင်းနှင့် ရွှေ့ပြောင်း သွားလာအလုပ်လုပ်ကိုင်ခြင်းနှင့် ပတ်သက်သည့် ဗဟုသုတအားနည်းခြင်းတို့ကြောင့် ဖြစ်ပါသည်။

## လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ

၁၆။ မြန်မာနိုင်ငံသည် ၂၀၀၄ ခုနှစ်တွင် ကုလသမဂ္ဂလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းတွင် အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခဲ့ပြီးနောက် ၂၀၀၅ ခုနှစ်တွင် လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဥပဒေအား စတင်ပြဋ္ဌာန်းခဲ့ပါသည်။ ၎င်းဥပဒေတွင် အခန်းပေါင်း (၁၀)ခန်းနှင့် ဥပဒေပုဒ်မပေါင်း (၃၈) ခု ပါဝင်ပြီး ရည်ရွယ်ချက်မှာ လူကုန်ကူးမှုများအား အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် တားဆီးကာကွယ်နှိမ်နှင်းရန်နှင့် ကျူးလွန်သူများကိုမြန်ဆန်စွာ စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီပြင်းထန်ထိရောက်သည့် ပြစ်ဒဏ်များချမှတ်ရန်ဖြစ်ပါသည်။[10]

၁၇။ လူကုန်ကူးခြင်းဖြစ်ရပ်သည် ကိုင်တွယ်ရခက်သည့် ပြဿနာဖြစ်ပြီး၊ လူကုန်ကူးခံရသူများ သည် ကိုယ်ခန္ဓာအနာတရဖြစ်ခြင်းအပြင် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရနိုင်သဖြင့် လူကုန်ကူးခံ ရသူများအား မိသားစုနှင့်ပြန်လည်ပေါင်းစည်းထားခြင်း၊ ပြန်လည်ထူထောင်ရေး ပြုလုပ်ပေးခြင်း နှင့် လူကုန်ကူးခံရသူများဘက်မှရပ်တည်ကာ ၎င်းတို့၏အခွင့်အရေးများကို အကာအကွယ်ပေး နိုင်ရန် ဤဥပဒေအားပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။ [11]

---

[10]လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ (၁၃-၉-၂၀၀၅)၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ဥပဒေအမှတ် ၅/၂၀၀၅၊ အခန်း(၂)၊ ပုဒ်မ ၄ မှကောက်နုတ်ထားပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ပြည့်နှစ်၊ မတ်လ ၁၆ ရက်)

[11]လူကုန်ကူးမှုနှင့်အန္တရာယ်ရှိသော ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အသိပညာပေးလက်စွဲစာအုပ်၊ The Asia Foundation၊ နိုဝင်ဘာလ ၂၀၁၇ ခုနှစ်မှကောက်နုတ်ထားပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ပြည့်နှစ်၊ မတ်လ ၁၆ ရက်)

## လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေမှ ပြစ်မှုနှင့် ပြစ်ဒဏ်များ

၁၈။ လူကုန်ကူးမှုများတားဆီးကာကွယ်ရေးဥပဒေအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် (၅/၂၀၀၅) ဖြင့်ထုတ်ပြန်ခဲ့ရာ ပြစ်မှုနှင့် ပြစ်ဒဏ်ချမှတ်ခြင်း အနေဖြင့် အောက်ပါအတိုင်းတွေ့ရှိရပါသည်-

| ပြစ်မှုများ | ပြစ်ဒဏ်များ | |
|---|---|---|
| | မည်သူမဆို | ဂိုဏ်းဖွဲ့ကျူးလွန်သူအုပ်စု |
| ပုဒ်မ ၂၄- အမျိုးသမီးများ၊ ကလေး သူငယ် (၁၆ နှစ် မပြည့်သေးသူ) နှင့် လူငယ် (၁၆ နှစ် ပြည့်ပြီး ၁၈ နှစ် မပြည့်သေးသူ) များအား လူကုန်ကူးမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် | အနည်းဆုံးထောင်ဒဏ် ၁၀ နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက် အပြင် ငွေဒဏ် | အနည်းဆုံးထောင်ဒဏ် အနှစ် ၂၀ မှ အများဆုံး ထောင်ဒဏ်တစ်သက်အပြင် ငွေဒဏ် |
| ပုဒ်မ ၂၅- အမျိုးသမီးများ၊ ကလေး သူငယ်နှင့် လူငယ်များမှအပ အခြားသူ တစ်ဦးဦးကို လူကုန်ကူးမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် | အနည်းဆုံးထောင်ဒဏ် ၅ နှစ်မှ အများဆုံးထောင်ဒဏ် ၁၀ နှစ် အပြင် ငွေဒဏ် | တစ်ဖက်ပါ ပုဒ်မများအရ လူကုန်ကူးမှုကို ဂိုဏ်းဖွဲ့ ကျူးလွန်သူအုပ်စုအဖြစ် ပြစ်မှုထင်ရှားစီရင်ခြင်းခံရ လျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်မှ အများဆုံးထောင်ဒဏ် တစ်သက်အထိ ချမှတ်ရမည့် အပြင်ငွေဒဏ်လည်းချမှတ် နိုင်သည်ဟုပြဋ္ဌာန်းထားပါ သည်။[12] |
| ပုဒ်မ ၂၆ (က) -လူကုန်ကူးမှု ကျူးလွန်ရန် အလို့ငှာ လိမ်လည်လှည့်ဖြား၍ သူတစ်ဦးဦး အားမွေးစားခြင်း (သို့မဟုတ်) ထိမ်းမြား လက်ထပ်ခြင်း | အနည်းဆုံး ထောင်ဒဏ် ၃ နှစ်မှ အများဆုံး ထောင်ဒဏ် ၇ နှစ်အပြင် ငွေဒဏ် | |
| ပုဒ်မ ၂၆ (ခ)- လူကုန်ကူးခံရသူများကို ပြည်ပသို့ ထွက်ခွာနိုင်ရန်ဖြစ်စေ၊ ပြည် တွင်းသို့ ဝင်ရောက်နိုင်ရန်ဖြစ်စေ လိုအပ်သော စာရွက်စာတမ်းအထောက်အထား၊ စာတမ်းအမှတ်အသား (သို့) တံဆိပ်ကို အတုပြုလုပ်ခြင်း (သို့) တရားမဝင်ရယူပေးခြင်း | | |
| ပုဒ်မ ၂၇-ညစ်ညမ်းသည့် ပုံပြသခြင်းပြုရေး အတွက် လူကုန်ကူးခံရသူကို ခိုင်းစေခြင်း (သို့) စီစဉ်ခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် | အနည်းဆုံး ထောင်ဒဏ် ၅ နှစ်မှ အများဆုံး ထောင်ဒဏ် ၁၀ နှစ် အပြင် ငွေဒဏ် | |

**မှတ်ချက်။** ဂိုဏ်းဖွဲ့ကျူးလွန်သူအုပ်စုတွင် အဖွဲ့ဝင်ဖြစ်ကြောင်း ပေါ်ပေါက်လျှင် ထိုသူသည် ပြစ်မှုကျူးလွန်ရာတွင် ကိုယ်တိုင်ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ အထက်ပါ ဂိုဏ်းဖွဲ့ကျူးလွန်သူ အုပ်စုပါ ပြစ်ဒဏ်များအတိုင်း အရေးယူခြင်းခံရမည်ဖြစ်ပါသည်။

---

[12] လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ (၁၃-၉-၂၀၀၅)၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၅/၂၀၀၅၊ အခန်း(၉) မှကောက်နုတ်ထားပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ပြည့်နှစ်၊ မတ်လ ၁၆ ရက်)

## လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်ဆက်နွယ်သောဥပဒေများ

၁၉။ မြန်မာနိုင်ငံတွင် အစိုးရအဆက်ဆက်ထုတ်ပြန်ခဲ့သော လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ဆက်နွယ်သော ဥပဒေများမှာ–

(က) ရာဇသတ်ကြီးဥပဒေ၊

(ခ) ၁၉၄၇ ခုနှစ်၊ လူဝင်မှုကြီးကြပ်ရေး (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေ၊

(ဂ) ၁၉၄၈ခုနှစ်၊ အဂတိလိုက်စားမှုတားမြစ်ရေးအက်ဥပဒေ၊

(ဃ) ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာ နှိပ်ကွပ်ရေးအက်ဥပဒေ၊

(င) ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေ၊

(စ) ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေ၊

(ဆ) ၂၀၀၂ ခုနှစ်၊ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများထိန်းချုပ်ရေး ဥပဒေ၊

(ဇ) ၂၀၀၃ ခုနှစ်၊ သွေးနှင့်သွေးပစ္စည်းဆိုင်ရာဥပဒေ၊

(ဈ) ၂၀၀၄ ခုနှစ်၊ ကိုယ်အင်္ဂါအစိတ်အပိုင်းများဆိုင်ရာဥပဒေ၊

(ည) ၂၀၀၄ခုနှစ်၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေး ဥပဒေ၊

(ဋ) ၂၀၀၅ ခုနှစ်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ၊[13]

(ဌ) ၂၀၁၉ ခုနှစ်၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ တို့ဖြစ်ပါသည်။[14]

## နိုင်ငံတော်အစိုးရ၏ဆောင်ရွက်ချက်များ

၂၀။ မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးကို ၁၉၉၇ ခုနှစ် ကတည်းက အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်သတ်မှတ်၍ တိုက်ဖျက်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့်

---

[13] လူကုန်ကူးမှုနှင့်အန္တရာယ်ရှိသော ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အသိပညာပေးလက်စွဲစာအုပ်၊ The Asia Foundation၊ နိုဝင်ဘာလ ၂၀၁၇ ခုနှစ် မှကောက်နုတ်ထားပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ပြည့်နှစ်၊ မတ်လ ၁၆ ရက်)

[14] ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၂။) available from: https://www.president-office.gov.mm/?q=hluttaw/law/2019/07/25/id-15547, မှကောက်နုတ်ထားပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ပြည့်နှစ်၊ မတ်လ ၁၆ ရက်)

လူကုန်ကူးမှု ကြိုတင်ကာကွယ်ရေးအတွက် စီမံချက်များချမှတ်၍ အောက်ပါအတိုင်း ဆောင်ရွက် လျက်ရှိပါသည်-

(က) **လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်း။** လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းသည် လက်ရှိအချိန်တွင် နှစ်ပေါင်း ၂၀ကျော် ကြာမြင့်ခဲ့ပြီး ယင်းကာလအတွင်း မြန်မာ နိုင်ငံအနေဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေကိုပြဋ္ဌာန်းနိုင်ခြင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းနိုင်ခြင်း၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ ဖွဲ့စည်းနိုင်ခြင်း၊ ကုလသမဂ္ဂနှင့် အာဆီယံဆိုင်ရာ လူကုန်ကူးမှုတိုက်ဖျက်ရေး စာချုပ်စာတမ်းများတွင် အဖွဲ့ဝင်အဖြစ်ဝင်ရောက်နိုင် ခြင်းနှင့် နှစ်နိုင်ငံအကြားနားလည်မှု စာချွန်လွှာများကို လက်မှတ်ရေးထိုးနိုင်ခဲ့ ခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

(ခ) **လူကုန်ကူးမှုတိုက်ဖျက်ရေးစီမံကိန်းများ။** ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်မည့် တတိယငါးနှစ်စီမံကိန်း (၂၀၁၇-၂၀၂၁) ကို အတည်ပြုခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ တတိယငါးနှစ်စီမံကိန်းကို -

(၁) မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်ရေး၊

(၂) ကြိုတင်ကာကွယ်ရေး၊

(၃ တရားစွဲဆိုရေး၊

(၄) ကာကွယ်စောင့်ရှောက်ရေးဟူသည့်ကဏ္ဍ(၄)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ယင်းကာလအတွင်း ၂၀၀၅ ခုနှစ် လူကုန်ကူးမှု တားဆီး ကာကွယ်ရေးဥပဒေကို ပြန်လည်ပြင်ဆင်ရေးဆွဲ၍ အတည်ပြုနိုင် ရန် ဆောင်ရွက်လျက်ရှိပါသည်။

(ဂ) **လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့။** လုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင် နိုင်ရန်အတွက် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဗဟိုအဖွဲ့ (၃) ဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်-

(၁) ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဆောင်သော လူကုန်ကူးမှု တားဆီး ကာကွယ်ရေးနှင့်လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့၊

(၂) ဒုတိယရှေ့နေချုပ်ဦးဆောင်သော ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၊

(၃) လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဆောင်သော လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေးအဖွဲ့ စသည့်အဖွဲ့အစည်းများကို ဖွဲ့စည်းခဲ့ပါသည်။ [15]

(ဃ) **MoU and Bilateral Meeting**။ ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံဒေသအတွင်း တစ်ခုတည်းသော လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေး ကွန်ဗင်းရှင်း (ASEAN Convention Against Trafficking in Persons) ကို အတည်ပြုခဲ့ပြီး မြန်မာ-ထိုင်းနှစ်နိုင်ငံ လူကုန်ကူးခံရသူများပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ နှစ်နိုင်ငံ (Standard Operating Procedure)ကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ မြန်မာ-ထိုင်း၊ မြန်မာ-တရုတ် နားလည်မှုစာချွန်လွှာများကို ၂၀၀၉ ခုနှစ်က လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၆ခုနှစ်တွင် မြန်မာ-ထိုင်း MoUကို ပြန်လည်ပြင်ဆင်ရန်ဆောင်ရွက်ခဲ့ပါသည်။ သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာများ အရနိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ထိုင်းနိုင်ငံတွင်ရောက်ရှိနေသည့်မြန်မာ အလုပ်သမားများ တရားဝင်အလုပ်လုပ်ကိုင်ခွင့်များ ရရှိစေရန်နှင့်ငါးဖမ်းသင်္ဘောများတွင်ရောက်နေသည့် မြန်မာအလုပ်သမားများလူကုန်ကူးခံရခြင်း၊ နှိပ်စက်ခံရခြင်း မရှိစေရန်လည်း နယ်မြေခံတာဝန်ရှိပုဂ္ဂိုလ်များက ကြပ်မတ်ဆောင်ရွက်ပေးစေလိုပါကြောင်းပြောကြားခဲ့ပါသည ်။[16]

(င) **အခမ့ဲလုပ်အားခိုင်းစေမှုပပျောက်ရေး**။ မြန်မာနိုင်ငံအနေဖြင့် (International Labour Organization – ILO) ကို ၁၉၄၈ ခုနှစ်၊ မေ ၁၇ ရက် တွင်အဖွဲ့ဝင်အဖြစ် ဝင်ရောက်ပြီး အကောင်အထည်ဖော်ဆောင်လျှက်ရှိသည့်အပြင် အခမ့ဲလုပ်အား ခိုင်းစေမှုဆိုင်ရာ ကွန်ဗင်းရှင်း အမှတ် (၂၉) အပါအဝင် ILO ကွန်ဗင်းရှင်းပေါင်း ၁၉ ခုတွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပါသည်။[17]

[15] https://www.mlis.gov.mm/lsScPop.do?lawordSn=904 , The Anti Trafficking in Persons Law, 13th September, 2005, The Union of Myanmar the State Peace and Development Councl, လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ (၁၃-၉-၂၀၀၅)၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ဥပဒေအမှတ် ၅/၂၀၀၅၊ မှကောက်နုတ်ထားပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၁၉ခုနှစ် ၊အောက်တိုဘာလ၊ ၃၁ရက် )

[16] ပြန်ကြားရေးဝန်ကြီးဌာန၊သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့တွေ့ဆုံစဉ် မြန်မာရွှေ့ပြောင်းအလုပ်သမားများအရေး အဓိကထားဆွေးနွေး available from:https://www.moi.gov.mm/npe/?q=news/25/06/2016/id-44169 မှကောက်နုတ်ထားပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၁၉ခုနှစ် ၊အောက်တိုဘာလ၊ ၃၁ရက် )

[17] နိုင်ငံတော်သမ္မတရုံး၊သတ္တမအကြိမ်မြောက်မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးအခမ်းအနား availablefrom: https://news-eleven.com/ article/ 1348 15 မှကောက်နုတ်ထားပါသည်॥ (ကြည့်ရှုသည့်ရက် ၂၀၁၉ခုနှစ် ၊အောက်တိုဘာလ၊ ၃၁ရက် )

## လွှတ်တော်တွင်းဆောင်ရွက်ချက်များ

၂၁။ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့၊ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် "နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လူကုန်ကူးမှု အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံ ကွန်ဗင်းရှင်း (ACTIP –Asean Convention Against Trafficking in Persons, Especially Women and Children) သို့ မြန်မာနိုင်ငံမှအတည်ပြုဝင်ရောက်ရန်ကိစ္စ"နှင့် စပ်လျဉ်း၍ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့တွင် လွှတ်တော်ကိုယ်စားလှယ် ၁၈ ဦးမှ ဆွေးနွေးခဲ့ပြီး လွှတ်တော်၏အဆုံးအဖြတ်ရယူရာ ကန့်ကွက်သူမရှိ ထောက်ခံအတည်ပြုခဲ့ပါသည်။[18]

## ထင်မြင်ချက်များ

၂၂။ မြန်မာနိုင်ငံ၏ လူကုန်ကူးမှုအခြေအနေများနှင့်စပ်လျဉ်း၍ ထင်မြင်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးကြီးပါသည်။

(ခ) ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော ကလေးသူငယ်အခွင့် အရေးများဆိုင်ရာ ဥပဒေနှင့်လည်း ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဂ) ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များပေါင်းစပ်ညှိနှိုင်း၍ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ လူကုန်ကူးမှုကျူးလွန်သူများနှင့် ပတ်သက်၍သတင်းပေးစေခြင်း၊ ကျူးလွန်သူများအား အရေးယူဆောင်ရွက်ခြင်း၊ အသိပညာပေးမှုများ အရှိန်အဟုန်မြှင့်တင်ခြင်းများ ပြုလုပ်သွားရန်လိုအပ်ပါသည်။[19]

(ဃ) လူကုန်ကူးခြင်းကို ယနေ့ခေတ်၏အဆိုးရွားဆုံးသော လူ့အခွင့်အရေးချိုးဖောက်မှုဟုသတ်မှတ်၍ နိုင်ငံတကာမှပူးပေါင်းတိုက်ဖျက်ရန် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် အန်တိုနီရိုဂူတာရက်စ်က တိုက်တွန်းပြောကြားခဲ့ပါသည်။[20]

---

[18]ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယအကြိမ်၊ ပြည်ထောင်စုလွှတ်တော်တတိယပုံမှန်အစည်းအဝေး၊ အဋ္ဌမနေ့၊ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်၊ ကြာသပတေးနေ့ မှကောက်နုတ်ထားပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၆ ရက်)

[19]ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုပေါင်းခန်းမ၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင် available from: https://www.moi.gov.mm/npe/?q=node/17471, ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၉၊ ပြောကြားချက်မှကောက်နုတ်ထားပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ပြည့်နှစ်၊ မတ်လ ၁၆ ရက်)

[20]ဟန်မြင့်(ဝါးခယ်မ)၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ၏သိကောင်းစရာများ၊ ၂၀၁၀ခုနှစ်၊ နိုဝင်ဘာလ၊ ပထမအကြိမ်၊ စာမျက်နှာ–၃ မှကောက်နုတ်ထားပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ပြည့်နှစ်၊ မတ်လ၊ ၁၈ရက်)

## ကမ္ဘာ့နိုင်ငံများ၏လူကုန်ကူးမှုအခြေအနေ

၂၃။ ကမ္ဘာတစ်ဝန်း သန်း ၂၀မှ သန်း ၄၀ သောလူများသည် ခေတ်သစ် ကျေးကျွန်ဘဝသို့ ရောက်ရှိနေပါသည်။ ၅၀ ရာခိုင်နှုန်းသော လူကုန်ကူးခံရသူများသည် အလုပ်ကြမ်းလုပ်ရသော ခေတ်သစ်ကျွန်များဖြစ်ပြီး ၃၇.၅ ရာခိုင်နှုန်းသည် အဓမ္မထိမ်းမြားလက်ထပ်ခြင်းခံနေရပါသည်။ ၁၂.၅ ရာခိုင်နှုန်းသော လူကုန်ကူးခံရသူများသည် လိင်လုပ်သားများအဖြစ် လုပ်ကိုင်ကြရပါသည်။ လူကုန်ကူးခံရသူများအနက် ၇၁ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ပြီး ၂၉ ရာခိုင်နှုန်းသည် အမျိုးသားများဖြစ်ပါသည်။ ၂၅ ရာခိုင်နှုန်းသော လူကုန်ကူးခံရသူများသည် ၁၈ နှစ်အောက်ကလေးများဖြစ်ကြောင်း Trafficking and Salvery Fact Sheet တွင်ဖော်ပြထားပါသည်။[21]

၂၄။ ကမ္ဘာ့လူကုန်ကူးမှုဆိုင်ရာအစီရင်ခံစာတွင် ချမ်းသာကြွယ်ဝသည့် အမေရိကန်ပြည်ထောင်စု၊ အင်္ဂလန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် အဓိကလူကုန်ကူးမှု ဦးတည်ရာနိုင်ငံ (Destination Countries) များဖြစ်၍ စင်ကာပူ၊ ဟောင်ကောင်၊ ဆော်ဒီအာရေဗျ၊ ကနေဒါ၊ ဂျာမနီနှင့် နယ်သာလန်နိုင်ငံများသည်လည်း လူကုန်ကူးခံရမှု များပြားသည့်နိုင်ငံတွင်ပါဝင်ပါသည်။ အာရှတိုက်တွင် လူကုန်ကူးမှုဖြစ်ပွားမှုများအား လေ့လာကြည့်ရာတွင် တရုတ်၊ ထိုင်းတို့သည် အမြင့်မားဆုံးတွင်ရှိပြီး ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ လာအို၊ မြန်မာ၊ နီပေါ၊ ပါကစ္စတန်၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ် နိုင်ငံတို့သည်လည်း များပြားသည့်နိုင်ငံများ စာရင်းတွင် ပါဝင်ပြီး ထိုဒေသများမှ လူကုန်ကူးခံရသူများအား အမေရိကန်ပြည်ထောင်စု၊ အင်္ဂလန်နိုင်ငံနှင့်ဂျပန်နိုင်ငံများသို့ အများဆုံးဦးတည်ပို့ဆောင်သည်ကိုတွေ့ရှိရပါသည်။[22]

## ထိုင်းနိုင်ငံသို့ လူကုန်ကူးမှုအခြေအနေ

၂၅။ အမေရိကန်နိုင်ငံခြားရေးဌာန၏ ၂၀၁၉ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အစီရင်ခံစာတွင် ထိုင်းနိုင်ငံသည် လူကုန်ကူးမှုပြဿနာကို လုံလောက်စွာ ဖြေရှင်းဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂ၏ စာရင်းဇယားများအရ ထိုင်းနိုင်ငံသို့ရွှေ့ပြောင်း အခြေချသူ ၄.၉ သန်းခန့်ရှိပြီး ရွှေ့ပြောင်းလုပ်သားအများစုသည် မြန်မာ၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်တို့ အပါအဝင် ပို၍ဆင်းရဲသောအိမ်နီးချင်းနိုင်ငံများမှ လာရောက်ခြင်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံသည်

[21]Trafficking and Slavery Fact Sheet, Free the Slaves, https://www.freetheslaves.net/wp-content/uploads/2018/04/Trafficking-ans-Slavery-Fact-Sheet-April-2018.pdf မှကောက်နုတ်ထားပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ပြည့်နှစ်၊ မတ်လ၊ ၁၆ ရက်)

[22]လူကုန်ကူးမှုနှင့်အန္တရာယ်ရှိသော ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အသိပညာပေးလက်စွဲစာအုပ်၊ The Asia Foundation၊ ထုတ်ဝေသည့်ရက် နိုဝင်ဘာလ၊ ၂၀၁၇ခုနှစ် https://asiafoundation.org/wpcontent/uploads/2018/07/Myanmar_Human-Trafficking_ Handbook.pdf မှ ကောက်နုတ်ထားပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ပြည့်နှစ်၊ မတ်လ၊ ၁၆ ရက် )

အထူးသဖြင့် ပင်လယ်စာလုပ်ငန်းနှင့် လိင်ဖျော်ဖြေမှုကဏ္ဍတို့၌ လူကုန်ကူးမှုအများဆုံး ဖြစ်ပွားသည်ကို သိရှိရပါသည်။[23]

၂၆။ Covid -19 ကြောင့် ထိုင်းနိုင်ငံတွင် အလုပ်လက်မဲ့ဖြစ်သွားသည့် ရွှေ့ပြောင်းအလုပ်သမား ၅ သိန်းခန့် ရှိပါသည်။ ထိုင်းနိုင်ငံတွင် တရားဝင်မှတ်ပုံတင်ထားသည့် ရွှေ့ပြောင်းအလုပ်သမား ၃ သန်းနီးပါးရှိပြီး ထိုင်းနိုင်ငံသည် အလုပ်သမားအခွင့်အရေးချိုးဖောက်ခြင်း၊ ကလေးအလုပ်သမားများစေခိုင်းခြင်း၊ လူကုန်ကူးခံရသူများကို ပင်လယ်ငါးဖမ်းလုပ်ငန်းများတွင် ခိုင်းစေခြင်းများ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲချက်များဖြင့် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့၏ ဖိအားပေးခြင်းကိုခံနေရပြီး အမေရိကန်ပြည်ထောင်စုနှင့် အထူးကုန်သွယ်ခွင့် အခွင့်အရေးကိုလည်း ယာယီရပ်ဆိုင်းခြင်းခံထားရပါသည်။

၂၇။ ၂၀၀၈ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးအက်ဥပဒေ (Thai Human Trafficking Act 2008) ကို ပြဋ္ဌာန်းခဲ့ရာ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် ယင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေများပြဋ္ဌာန်းခဲ့ပါသည်။ ၂၀၁၇ ခုနှစ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအက်ဥပဒေတွင် ပြစ်မှုပြစ်ဒဏ်များကို အောက်ပါအတိုင်းပြဋ္ဌာန်းထားပါသည်-

| **ပြစ်မှုများ** | **ပြစ်ဒဏ်များ** |
|---|---|
| အသက် ၁၅ နှစ်အောက်ရှိသူများ၊ မသန်စွမ်းသူများ၊ စိတ်ပိုင်းဆိုင်ရာချို့ယွင်းသူများအား ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် | အနည်းဆုံးထောင်ဒဏ် ၈နှစ်မှ အများဆုံးထောင်ဒဏ် နှစ်၂၀ အပြင်ငွေဒဏ် |
| ၁၅ နှစ်ပြည့်ပြီး ၁၈ နှစ်မပြည့်သေးသူများအား လူကုန်ကူးမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် | အနည်းဆုံးထောင်ဒဏ် ၆ နှစ်မှ အများဆုံးထောင်ဒဏ် ၁၅ နှစ်အပြင်ငွေဒဏ်[24] |

၂၈။ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ လူကုန်ကူးမှုတွင်ပါဝင်ပတ်သက်သူ၊ ကျူးလွန်သူအားလုံးကို ပြင်းထန်သောပြစ်ဒဏ်များသတ်မှတ်ထားခြင်း၊ လူကုန်ကူးမှုကြောင့်ဖြစ်ပွားခဲ့သောပျက်စီးဆုံးရှုံးမှုများကို ကျူးလွန်သူများထံမှ လျော်ကြေးတောင်းဆိုနိုင်ခြင်းနှင့် လူကုန်ကူးခံရသူများအနေဖြင့် ပညာရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုများ၊ ဥပဒေရေးရာ၊ ရုပ်ပိုင်းဆိုင်ရာနှင့်

[23]လူကုန်ကူးမှုပြဿနာ၊ https://news-eleven.com/article/124073 ထုတ်ဝေသည့်ရက် ၂၀၁၉ခုနှစ်၊ ဇူလိုင်လ ၂၂ ရက် မှကောက်နုတ်ထားပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ပြည့်နှစ်၊ မတ်လ၊ ၁၆ရက် )

[24]http://un-act.org/publication/view/legal-analysis-human-trafficking-thailand/ 2017, June မှကောက်နုတ်ထားပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ၊ ၆ ရက်)

စိတ်ပိုင်းဆိုင်ရာလိုအပ်ချက်များ၊ နေထိုင်စရာနေရာများ စသည့်အထောက်အပံ့များ ရရှိနိုင်ခြင်းတို့ ပါဝင်ပါသည်။

## မြန်မာနိုင်ငံမှထိုင်းနိုင်ငံသို့ လူကုန်ကူးခံရမှုအခြေအနေ

၂၉။ ထိုင်းနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံများအနက် တိုးတက်မှုနှုန်းမြန်ဆန်ခြင်းနှင့်အတူ အောက်ခြေ လုပ်သား အမြဲလိုအပ်နေသောနိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အလုပ်အကိုင်အခွင့် အလမ်းနည်းပါးသောကြောင့် ရသည့်အလုပ်ကိုလုပ်မည်ဆိုသည့်စိတ်ဖြင့် ထိုင်းနိုင်ငံဘက်သို့ သွား ရောက်ကြပါသည်။ အချို့သည် တရားဝင် ဝင်ရောက်ကြပြီး အချို့သည် တရားမဝင် ဝင်ရောက် ကြပါသည်။ ထိုင်းနိုင်ငံအနေဖြင့် သက်သာသောလုပ်ခလစာဖြင့် အလုပ်သမားများကို ရရှိနေပါ သည်။ နိုင်ငံနှစ်ခု၏ကုန်းမြေချင်း ထိစပ်နေခြင်းနှင့် ကူးလူးသွားလာရလွယ်ကူမှုရှိနေခြင်းတို့သည် လူကုန်ကူးမှုဖြစ်စေရန်အကြောင်းတစ်ခုဖြစ်နေပါသည်။[25] မြန်မာနိုင်ငံမှ ဒေသတွင်းနိုင်ငံများသို့ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေရရှိရေးအတွက် သွားရောက်ခဲ့သော်လည်း အချို့သည် လူကုန်ကူးသူ/ လူပွဲစားများ၏လိမ်လည်မှု၊ သွေးဆောင်မှု၊ ကတိဖောက်ဖျက်မှု၊ အနိုင်ကျင့် အမြတ်ထုတ်မှုများ ခံရလျက်ရှိပါသည်။[26]

၃၀။ ငါးဖမ်းလှေပိုင်ရှင်များသည် ဈေးပေါသောအလုပ်သမားရလိုမှုကြောင့်လည်း အလုပ်သမားများ သည်လူကုန်ကူးခြင်းခံရသည့်အခြေအနေသို့ ရောက်ရှိကြရပါသည်။ အချို့သောဖြစ်ရပ်များတွင် ကျွန်ပြု လိုသည့်ပုံစံမျိုးကိုတွေ့ရှိရပါသည်။ လူကုန်ကူးသူများသည် အလုပ်သမားများထွက်ပြေးရန် အခြေအနေ သို့မရောက်ရှိအောင် အလုပ်သမားများ၏မှတ်ပုံတင်များ၊ ခရီးသွားလက်မှတ်များကို အလုပ်လုပ်ခွင့်ပါမစ် ပေးမည်ဟု အကြောင်းပြချက်များဖြင့် သိမ်းဆည်းထားလေ့ရှိကြပါသည်။

၃၁။ မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမား ၂၅၀,၀၀၀ ဦးခန့်သည် ထိုင်းလှေများပေါ်တွင် အလုပ် လုပ်နေကြရပြီး ပင်လယ်စာထုပ်ပိုး အစာသွတ်စက်ရုံ၊ ပုဇွန်စက်ရုံများတွင် ပင်ပန်းကြီးစွာအလုပ်လုပ် နေကြသည်ဟု Human Rights Watch အဖွဲ့၏ခန့်မှန်းချက်အရသိရပါသည်။ တစ်နည်းအားဖြင့်

---

[25]လူကုန်ကူးမှု၏အဓိကအကြောင်းရင်းများ၊ available from: https://fightslaverynow.org/why-fight-there-are-27-milliom-reasoms/economics-human-trafficking/root-causes/ မှကောက်နုတ်ထားပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ပြည့်နှစ်၊ မတ်လ၊ ၁၈ရက်)

[26]လူကုန်ကူးမှုနှင့်အန္တရာယ်ရှိသော ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အသိပညာပေးလက်စွဲစာအုပ်၊ The Asia Foundation၊ ထုတ်ဝေသည့်ရက် နိုဝင်ဘာလ၊ ၂၀၁၇ခုနှစ် available from: https://asiafoundation.org/wpcontent/uploads/2018/07/Myanmar_Human-Trafficking Handbook.pdf မှ ကောက်နုတ်ထားပါသည်။ ( ကြည့်ရှုသည့်ရက် ၂၀၂၀ပြည့်နှစ်၊ မတ်လ၊ ၁၈ရက်)

ယင်းတို့သည် လူကုန်ကူးခံနေရသူများ (သို့) လုပ်အားခေါင်းပုံဖြတ်ခံနေရသူများပင်ဖြစ်ပါသည်။ ၂၀၁၁ ခုနှစ်၊ မေလတွင် ထုတ်ပြန်ခဲ့သော သုတေသနစာတမ်း၌ ထိုင်းငါးဖမ်းလှေများတွင် မြန်မာနှင့် ကမ္ဘောဒီးယား အလုပ်သမားအချို့မှာ အဓမ္မစုဆောင်းခြင်းခံရမှုများနှင့် လုပ်အားခေါင်းပုံဖြတ်ခံရမှုများရှိနေသည် ဟုဖော်ပြထားပါသည်။[27]

၃၂။ Covid–19 ကာလတွင် ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူထုလုံခြုံရေးဝန်ကြီးဌာန လက်အောက်ရှိ ဂေဟာများမှ လူကုန်ကူးခံရသူမြန်မာနိုင်ငံသား ၇၅ ဦးအား၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၆ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းခဲ့ပါသည်။[28]

**စိန်ခေါ်မှုများ**

၃၃။ လူကုန်ကူးမှုတိုက်ဖျက်ရာတွင် အောက်ပါစိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့နေရပါသည်–

(က) လူကုန်ကူးမှုသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဆင်းရဲနွမ်းပါးမှု၊ နယ်စပ်ဖြတ်ကျော်မှုတို့နှင့်ချိတ်ဆက်နေသည့် ရှုပ်ထွေးသည့် ပြဿနာဖြစ်ခြင်း၊

(ခ) ပဋိပက္ခများကြောင့် ပြည်တွင်းရွှေ့ပြောင်းသွားလာသူ အရေအတွက်တိုးပွားလာခြင်း၊

(ဂ) နယ်စပ်ဖြတ်ကျော်မှုခင်းတစ်ရပ်ဖြစ်သည့်အလျောက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ခြင်း၊

(ဃ) လူကုန်ကူးခံရသူများကို ပုံမှန်ဘဝသို့ပြန်လည်ရောက်ရှိရန် ထူထောင်ပေးခြင်းနှင့် ဆက်စပ်သည့်ဌာနနှင့် အဖွဲ့အစည်းများကို စွမ်းရည်မြှင့်တင်ရေးဆောင်ရွက်ရန် လိုအပ်ခြင်း၊

(င) သဲလွန်စလိုက်ရန်ခက်ခဲခြင်း၊ အဂတိလိုက်စားခြင်းနှင့် ယင်းပြစ်မှုများအားတုံ့ပြန်သည့် နိုင်ငံတော်မူဝါဒများ အားနည်းချက်ရှိခြင်း၊

(စ) လုပ်အားခေါင်းပုံဖြတ်ခံရခြင်း၊ လိင်မှုဆိုင်ရာခေါင်းပုံဖြတ်ခံရခြင်း၊ နှိပ်စက်ခံရခြင်းများကို အကြောင်းအမျိုးမျိုးကြောင့် ဝန်မခံပဲရှိတတ်ကြခြင်း (ဥပမာ– အလိုမတူပဲ

---

[27]ထိုင်းနိုင်ငံမှ ငါးဖမ်းလုပ်ငန်း၊ ခေတ်သစ်လူကုန်ကူးမှု အခြေအနေ၊ Info Digest Journal ၊ ၂၀၁၇ ခုနှစ်၊ မတ်လ ၁–၁၅ ရက်၊ စာမျက်နှာ– ၂၆ မှကောက်နုတ်ထားပါသည်။ (ကြည့်ရှုသည့်ရက်၂၀၂၀ ပြည့်နှစ်၊ မတ်လ၊ ၁၈ရက်)

[28]ထိုင်းနိုင်ငံသို့ လူကုန်ကူးခံရသူ ၇၅ ဦးအား မြန်မာနှင့် ထိုင်း နှစ်နိုင်ငံ တာဝန်ရှိသူများက မြဝတီ–မဲဆောက် ချစ်ကြည်ရေးတံတား အမှတ် (၂) မှတစ်ဆင့် ပြန်လည်လွှဲပြောင်းလက်ခံ၊ ကြေးမုံ၊ ဇူလိုင် ၁၊ ၂၀၂၀၊ စာမျက်နှာ ၉ မှကောက်နုတ်ထားပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၉ရက်)

အတင်းအကြပ် အိမ်ထောင်ချခံရသောကိစ္စများတွင် ပြစ်မှုကျူးလွန်သူသည် လူကုန်ကူးခံရသူ၏ မိဘ သို့မဟုတ် အခြားမိသားစုဝင်ဖြစ်နေတတ်ခြင်း)[29]

(ဆ) ပြည်ပ၌ခိုအောင်းနေသောလူကုန်ကူးသူများကို ဖမ်းဆီးရန်ခက်ခဲခြင်း၊

(ဇ) နေရပ်ပြန်ရောက်လာသည့် လူကုန်ကူးခံရသူများအတွက် ခိုင်မာသည့်အလုပ်အကိုင်အခွင့်အလမ်းများ တည်ဆောက်ပေးရန် လိုအပ်နေခြင်း၊[30]

(ဈ) ကိုဗစ်ကာလတွင် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုအလားအလာများရှိခြင်း၊

(ည) မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများကို လုံလောက်စွာအသိအမှတ်ပြုမှုမရှိခြင်းတို့ဖြစ်ပါသည်။[31]

**နိဂုံး**

၃၄။ နိုင်ငံတကာနှင့် မြန်မာနိုင်ငံတွင် လူကုန်ကူးမှုအခြေအနေများသည် ဖြစ်ပေါ်ရသည့် အခြေခံအကြောင်းတရားများစွာနှင့်အတူ ဆက်လက်ရှိနေဦးမည်ဖြစ်ပါသည်။ ယခုကပ်ရောဂါကာလတွင် နယ်စပ်ဖြတ်ကျော်ကန့်သတ်ပိတ်ပင်မှုများကြောင့် လူကုန်ကူးမှု အခြေအနေလျော့နည်းနိုင်သည့် အခြေအနေတွင်ရှိသည်ဟုယူဆရသော်လည်း ကိုဗစ်အလွန်ကာလတွင် နောက်ဆက်တွဲပြဿနာများနှင့်အတူ လူကုန်ကူးမှုများပြန်လည် တိုးပွားလာနိုင်သည့် အခြေအနေတွင်ရှိပါသည်။ ထို့ကြောင့် ဥပဒေနှင့်အညီအရေးယူဆောင်ရွက်မှုများနှင့် အထူးသတိပြု ကာကွယ်တားဆီးနိုင်ရန် ပိုမိုလိုအပ်ပါသည်။ လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုနှင့် တိုးတက်မှုရလဒ်များရှိနေသော်လည်း အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာန၏မှတ်ချက်နှင့်အတူ စိန်ခေါ်မှုများလည်းရှိနေဆဲဖြစ်ပါသည်။ လူကုန်ကူးမှုဖြစ်ပေါ်စေသည့် အဓိကအကြောင်းရင်းများဖြစ်သော ဆင်းရဲမွဲတေမှုနှင့် လက်နက်ကိုင်ပဋိပက္ခများကို အမြစ်ပြတ်ချေမှုန်းနိုင်ရေးမှာ နိုင်ငံတော်

[29]လူကုန်ကူးမှုတိုက်ဖျက်ရေး၊ တရားစီရင်ရေးနှင့် လူကုန်ကူးခံရသူများကဏ္ဍ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ availablefrom:http://www.mwaf.org.mm/en/chiiki/shoplist/Z155100/109 မှကောက်နုတ်ထားပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ပြည့်နှစ်၊ မတ်လ၊ ၁၇ ရက်)

[30]လူကုန်ကူးမှုနှင့်အန္တရာယ် ခေတ်သစ်လူကုန်ကူးမှုအခြေအနေ၊ Info Digest Journal ၊ ၂၀၁၇ခုနှစ်၊ မတ်လ ၁ရက်၊ စာမျက်နှာ– ၂၇ မှကောက်နုတ်ထားပါသည်။ (ကြည့်ရှုသည့်ရက်၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၊ ၁၄ရက်)

[31]လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် အစီရင်ခံစာသည် လူကန်ကူးမှုတိုက်ဖျက်ရေးအတွက် မြန်မာနိုင်ငံ၏ အလေးထားကြိုးပမ်းဆောင်ရွက်ချက်များအား ထင်ဟပ်မှုမရှိ၊ ကြေးမုံ၊ ဇူလိုင်၊ ၉၊ ၂၀၂၀ မှကောက်နုတ်ထားပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၀ရက်)

စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးတို့အပေါ်တွင် မူတည်နေသည်ဖြစ်၍ အစိုးရ၊ တပ်မတော်၊ ပြည်သူတစ်ရပ်လုံးနှင့် တိုင်းရင်းသားအစုအဖွဲ့တို့၏ စည်းလုံးညီညွတ်မှုအားဖြင့် သာလျှင် လူကုန်ကူးမှုသည် အမှန်တကယ်ပပျောက်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်စေရေး အတွက် ယခုစာတမ်းတိုအား ရေးသားပြုစုတင်ပြအပ်ပါသည်။

သုတေသနဌာန

ပြည်သူ့လွှတ်တော်ရုံး

**ဤစာတမ်းတိုအား ဒေါ်ဝေဝေသိမ့် (ဒုတိယဦးစီးမှူး) မှ တာဝန်ယူရေးသား၍ သုတေသနဌာနမှ အရာထမ်းအဆင့်ဆင့်က ဝိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။**

## သတိပြုရန်

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏လွှတ်တော်ဆိုင်ရာ တာဝန်များကိုဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ်မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည်အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော်သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။

သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅